


# ကြည်ဖေအား

ပေါက်ကျော်ဖို့ ပုံ



ပေါက်ကျော်ဖို့ ပုံ (၁)

ရှေးရှေးတုန်းက ရေသူတွေနေကြတဲ့ ပင်လယ်ပြင်ကျယ်ကြီးထဲက
တစ်နေရာမှာ ပင်လယ်ရေဟာ ပြောင်းပွင့်လှလှကလေးလို ပြာသတဲ့ ။
ဖန်စ မှန်စကလေးများ လိုလည်း ကြည်သတဲ့ ။ အင်မတန်လည်း နက်ရှို
င်းလို့ ပင်လယ်အောက်ဆုံးကနေပြီး မျှော်စင်တွေ ရာထောင်မက တစ်ခု
ပေါ်တစ်ခု ဆင့်ပါမှ ပင်လယ်ရေမျက်နှာကို ရောက်နိုင်မတဲ့ ကျော်လေး
ရဲ့ ။ ပြီးတော့ ပင်လယ်ရေအောက်မှာ ဘာမှ မရှိပါဘူး။ သဲပြင်ချည်း နေ
မှာ ပါလို့ မတွေးလေနဲ့ ဦး။ သဲပြင်ချည်း ဘယ်ဟုတ်နိုင်မလဲ။ အံ့သြစဖွ
ယ် လှပဆန်းကြယ်တဲ့ သစ်ပင်ပန်းမန်များ ပေါက်ရောက်နေလေရဲ့ ။ သ
စ်ရွက် ကိုင်းခက်များ ဟာ ပေါ့ ပေါ့ကလေးတွေမို့ ရေလှိုင်းကလေးများ
သိမ့်ခနဲ ပီပီလှုပ်ရုံနဲ့ အသက်ရှိတဲ့ အမူအရာနဲ့ လွင့်ပါး လှုပ်ယှက်ကြတ
ယ်။ သစ်ရွက်ကြို သစ်ရွက်ကြားမှာ တော့ ငါးကြီးငါးငယ်တွေဟာ လှပ
လှပြီး သစ်ရွက်ကိုင်းခက်ကြားမှာ ငှက်တွေ ပျံကူးကြသလို လျှောခနဲ
လျှောခနဲ ကူးကြတယ်တဲ့ ။


ရေသူဘုရင်ရဲ့ နန်းတော်ကတော့ ရေအနက်ဆုံးနေရာမှာ ရှိတယ်။ န
န်းတော်နံရံတွေက သန္တာအတိပြီးတဲ့ ပြင် ရှည်လျားပြီး ဦးချွန်တဲ့ ပြတင်း
ပေါက်များကို ပယင်းနဲ့ လုပ်ထားသတဲ့ ။ နန်းတော်ခေါင်ကိုတော့ ကနု
ကမာနဲ့ မိုးလေတော့ လေသုတ်လိုက်လို့ လှိုင်းလုံးကြီးများ တစ်ချက်
လောက် အိ လာပြီဆိုရင် ကနုကမာခွံတွေ မပြတ်ဟလိုက်၊
စေ့လိုက်နေကြတာမို့ အတွင်းက ပုလဲလုံးတွေ ရွှေရည်၊ ငွေရည်လဲ့နေတဲ့
အရောင် ထွက်လာတာပေါ့။ အဲသည် အထဲက ဘုရင့်ဦးသျှောင်မှာ စီတဲ့
ကျောက်သံပတ္တမြားကြီးမှာ အဖိုးထိုက်ဆုံးနေပေလိမ့်မယ် ကျော်ရဲ့ ။

ရေသူဘုရင်ကြီးက မုဆိုးဖိုကြီးမို့ မအေအိုကြီးက အိမ်ထောင်ကို သိမ်းရတယ်။ မအေအိုကြီးဟာ မင်းသွေးစစ်စစ်မို့ မာနကလည်း မိုးမျှော်အောင်ကြီးတယ်၊ ကြီးထိုက်တယ်လေ။ တခြားရေသူမှန်သမျှ ဘယ်လောက် အဆင့်အတန်းမြင့်နေနေ ခရုခွံခြောက်ခွက်ပဲ အမြီးမှာ ဆင်ခွင့်ရသော်လည်း သူကတော့ ဆယ့်နှစ်ခွက်တောင် ဆင်ရပေတာမို့ပေါ့။ ဒါပေမဲ့ သူဟာ အမြော်အမြင်တော့ရှိတယ်။ နေရာတကာမှာ ပြောစရာတစ်ကွက်မရှိအောင်ဘဲ တော်တယ်။ အထူးသဖြင့် မြေးကလေးခြောက်ယောက်အပေါ် ထားရှိတဲ့ မေတ္တာဟာ ကြီးမားလှပါရဲ့ ။ ရေသူမင်းသမီးကလေး ခြောက်ယောက်ကလည်း အလှကလေးတွေချည်းဖြစ်ပြီး အငယ်ဆုံးကလေး ကတော့ လှခေါင်ကြူးလို့ ခေါ်ထိုက်သတဲ့ ။ အသားကလေးက နှင်းဆီပွင့်ဖတ်ကလေးလို နူးညံ့မွတ်အိပြီး မျက်လုံးကလေးများဟာ ပင်လယ်ရေပြာရောင်ရင့်သလောက် ရင့်တယ်။ ဒါပေမဲ့ ရေသူမျိုးပေမို့ ခြေထောက်မပေါက်ရှာလေဘူး။ ရေသတ္တဝါ ငါးပမာပဲ အဖျားမှာ သွယ်ရှူးပြီး မြီးထူကလေးနဲ့ နေရှာတယ်။

ကလေးတွေဟာ နန်းတော်ခန်းဆောင်ကျယ်ထဲမှာ တစ်နေကုန်ကစားပြီး နေတတ်ကြတယ်လေ။ ပတ်လည်နံရံမှာ တော့ ပန်းလှလှတွေ ပွင့်ပေါက်နေကြတာပေါ့။ ပယင်းပြတင်းများ ဖွင့်လိုက်ရင်တော့ လူ့ပြည်က အခန်းတွေအတွင်းကို ပျံလွှားတွေ လမ်းမှားဝင်လာသလို ငါးကလေးတွေက ကူးလာကြပါရော။ ငါးတွေက ပျံလွှားထက်ရဲတယ် ကျော်ရဲ့ ။ မင်းသမီးကလေးတွေဆီ ဆိုက်ဆိုက်မြိုက်မြိုက် တိုး လာပြီး လက်နဲ့ ခွံ့ကျွေးတာလည်း စားတာပဲ။ ပွတ်သပ်ပေးလည်း ငြိမ်ခံတာပဲ။

နန်းတော်ရှေ့က ဥယျာဉ်ကြီးထဲမှာ တော့ အပြည့်အနှက်ပေါက်နေကြတဲ့ တချို့သစ်ပင်တွေဟာ တောမီးလို ရဲရဲနီပြီး တချို့က ညလို ပြာမှောင်တယ်။ သစ်သီးများက ရွှေလိုဝါပြီး

ပန်းပွင့်များက နေလို ထွန်းလင်းပေးတယ်။ ဥယျာဉ်မြေအခင်းဖြစ်တဲ့ သဲပြင်ကတော့ နီလာရောင်အဆင်းမို့ အပေါ်လွှာရေကလည်း ပြာ၊ အောက်ကရေကလည်း ပြာဆိုတော့ ရေအောက်မှာ နေရတယ်တောင် မထင်နိုင်ဘူး။ မိုးပြာအမြင့်ထဲ ရောက်နေသလားလို့ ထင်မှားရတယ်။ ရေငြိမ်နေစဉ်ဆိုရင်ဖြင့် နေလုံးဟာ ခရမ်းရောင်ပန်းပွင့်နဲ့ တူပြီး ပန်းပွင့်ဖတ်ခွက်ထဲက အလင်းရောင်ဟာ ကမ္ဘာလောကပေါ် စီးဖြာလို့ ကျတာကို အတိုင်းသား မြင်နေတာပေ့ါ။



ဥယျာဉ်ထဲမှာ မင်းသမီးကလေးတစ်ယောက်ကို မြေတစ်ကွက်စာ ရကြတယ်။ သဘောရှိသလို စိုက်ပျိုးဖို့ ပေါ့ ။ တစ်ယောက်က ဝေလငါးပုံ အကွက်ရိုက်ပြီး ပန်းပင်စိုက်တယ်။ တစ်ယောက်က ရေသူမပုံ၊ အငယ်ဆုံးကလေးကတော့ နေသဏ္ဍာန်လုံးဝန်းတဲ့ ပုံကို ရွေးချယ်ပြီး စိုက်ပြန်

တော့ နေရဲ့ အရောင်ကို သူထင်မြင်ရာတဲ့ အနီရောင် ပန်းပွင့်ပင်များမှ စိုက်သတဲ့ ။ အတော်ဆန်းတယ်ပေ့ါ။ အင်မတန်အေးချမ်းပြီး သူ့စိတ်ကူးနဲ့ပဲ သူနေတတ်ပြန်တယ်။ သင်္ဘောပျက်နဲ့ ကြုံလို့ ပစ္စည်းဆန်းကလေးများ ရရင် တခြားညီမဖော်တွေက ကိုယ်မှာ ဆင်သလို မဆုံးဘူး။ သူကတော့ လူသားကျောက်ဆစ်ရုပ်ကလေးပဲ တောင်းခံပြီး သူ့မြေကွက်မှာ စိုက်တည်ထားသတဲ့ ။ ပြီးတော့ ကျောက်ဖြူရုပ်နံဘေးမှာ နီရဲတဲ့ ကျောက်ခက်ပင်တစ်ပင် စိုက်တယ်။ ကျောက်ခက်ပင်ဟာ တစ်ခဏချင်း ကြီး လာပြီး ခက်လက်များ နဲ့ မြေကိုလွှမ်းပြီး ငြိလေတော့ အမြစ်နုများ နဲ့ ဖက်ယမ်းမိတယ်ထင်ရအောင် ခက်လက်များ ရဲ့ ခရမ်းညိုရိပ်များ ဟာ ကစားနေတော့တာပေ့ါ။

မင်းသမီးလေးဟာ ရေလွှာအပေါ်ဆီက လူသားတွေအကြောင်းများ နားထောင်လို့ မပြီးနိုင်ရှာဘူး။ သင်္ဘောဆောက်ပြီး ပင်လယ်ကူးကြတာတွေ၊ မြို့တည်ပြီး နေထိုင်ကြတာတွေ၊ တိရစ္ဆာန်ကောင်တွေ ခိုင်းစေလို့ နေကြတာတွေကို အဘွားလုပ်သူနားကပ်ပြီး ပြောပြခိုင်းတယ်။ လူ့ပြည်က ပန်းပွင့်တွေဟာ မွှေးကြိုင်တယ်ဆိုတာ သိရတော့ဖြင့် သိပ်သဘောကျနေတော့တာပဲ။ ပင်လယ်ပန်းတွေက ရနံ့မှ မရှိဘဲကိုး ကျော်ရဲ့ ။ ပြီးတော့ သစ်တောတွေဟာ စိမ်းတယ်လားပေ့ါ။ ရောင်စုံတောက်ပတဲ့ သစ်ခက်ကိုင်းတွေကြားမှာ ငါးတွေကလည်း ပျံတယ်လားပေ့ါ။ အသံကျယ်ကျယ်နဲ့ သီချင်းပီအောင် ဆိုတယ်လားပေ့ါ။ တကယ်တော့ အဘွားကြီးဆိုလိုတာက ငှက်တွေပါ။ ကလေးမက ငှက်မမြင်ဖူးရှာလို့ နားမလည်မှာစိုးလို့ ငှက်အစား ငါးလို့ ပြောရတာ။

"ငါ့ မြေးအသက် ဆယ့်ငါးနှစ်ပြည့်တော့ ပင်လယ်ရေမျက်နှာပြင်ပေါ်ကို တက်ခွင့်ရမယ်။ ဒီတော့မှ လရောင်အောက် ကျောက်ဆောင်ပေါ်ထိုင်ပြီး သင်္ဘောတွေ ခုတ်သွားတာ၊ မြို့တည်ပြီး

လူတွေနေကြတာ ကြည့်တာပေါ့"လို့ အဘွားက ပြောတယ်။

***